# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ
## (အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈)
## ၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
## (၂၀၁၈ ခုနှစ် ၊ မေလ ၁၄ ရက်)

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ (င) နှင့် (ဇ) တို့ပါ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်း်ဆုံးအခကြေးငွေနှုန်းထား ပြင်ဆင်သတ်မှတ်သည့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ကြေညာခြင်း

၁။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေ အမိန့်ကြောင်ငြာစာကို အများပြည်သူသိရှိစေရန် ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယင်းကြေညာချက်အရ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးကျင့် ပြည်နယ်များမှ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထောက်ခံခြင်း စသည့် သဘောထားမှတ်ချက်များကို ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ အဆိုပြုနှုန်းထားများ ပြန်လည်တင်ပြစေခဲ့ပါသည်။

၃။ ထပ်မံအဆိုပြုတင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့် အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ ဆုံးဖြတ်ခဲ့သည့် **“မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်လုံးတစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်အတွက်) ၄၈၀၀ ကျပ်**

**(လေးထောင့်ရှစ်ရာကျပ်)"** ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် **ယနေ့ထုတ်ပြန်သည့်နေ့မှစ၍** သတ်မှတ်လိုက်သည်။

၄။ ဤသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမိုးသားကော်မတီ၏ ၂၈-၈-၂၀၁၅ ရက်စွဲပါ အိမ့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည် ။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(ဥက္ကဋ္ဌ ၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ)